ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ - ၂၀၂၆
ပြိုင်ပွဲဆိုင်ရာ အချက်အလက်များ

ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် အများပြည်သူအကြား သိရှိနားလည် သတိပြုမှုမြင့်မားလာစေရန်၊ ယနေ့ခေတ်ဒီဂျစ်တယ်ကမ္ဘာရှိ ခြိမ်းခြောက်မှုအန္တရာယ်များနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများအနေဖြင့် နားလည်ရလွယ်ကူပြီး လက်တွေ့အသုံးဝင်သော အသိပညာပေး ဗီဒီယိုများဖန်တီးစေရေး တွန်းအားပေးရန်၊ ကျောင်းသားကျောင်းသူများ၏ အရည်အသွေးနှင့် အရည်အချင်းများကို ပြသနိုင်စေရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆိုက်ဘာလုံခြုံရေး ဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် လူငယ်များဦးဆောင်သော အသိပညာမြှင့်တင်ရေး အစီအစဉ် များမှ တစ်ဆင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

ဆုချီးမြှင့်ခြင်း

၂။ ဆုပေးပွဲအခမ်းအနားအား ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့(စနေနေ့)တွင် ရုံးအမှတ်(၂)၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပြီး ချီးမြှင့်မည့်ဆုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပထမဆု - ငွေကျပ် (၂၀)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊

(ခ) ဒုတိယဆု - ငွေကျပ် (၁၅)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊

(ဂ) တတိယဆု - ငွေကျပ် (၁၀)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊

(ဃ) နှစ်သိမ့်ဆု - ငွေကျပ် (၇)သိန်း၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊

(င) နှစ်သိမ့်ဆု - ငွေကျပ် (၇)သိန်း ၊ ဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ။

၃။ ပြိုင်ပွဲတွင် ပထမဆုရရှိသော ဗီဒီယိုဖိုင်အား ဘရူနိုင်းနိုင်ငံ၊ Cyber Security Brunei က ကျင်းပ ပြုလုပ်မည့် ASEAN-JAPAN Cybersecurity Awareness Video Competition-2026 သို့ မြန်မာနိုင်ငံ ကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိပါက ပထမဆုအတွက် အမေရိကန်

ဒေါ်လာ ၂,၀၀၀၊ ဒုတိယဆု အတွက် အမေရိကန် ဒေါ်လာ ၁,၅၀၀ နှင့် တတိယဆုအတွက် အမေရိကန် ဒေါ်လာ ၁,၀၀၀ အသီးသီး ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသူများ

၄။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရပါမည်-

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ရမည်။

(ခ) ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသားကျောင်းသူသည် ၃၁-၈-၂၀၂၆ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဂ) မြန်မာနိုင်ငံရှိ တက္ကသိုလ်/ကောလိပ် တစ်ခုခုတွင် လက်ရှိပညာသင်ကြားနေဆဲဖြစ်ရမည်။

(ဃ) အထက်ပါအချက်များနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်သူမှ ခံဝန်ကတိလွှာရေးထိုးရမည်ဖြစ်ပြီး ယင်းခံဝန်ကတိလွှာအား သက်ဆိုင်ရာကျောင်းတာဝန်ရှိသူမှ အတည်ပြု ထောက်ခံပေးရမည်။

ပြိုင်ပွဲတွင် ရွေးချယ်ယှဉ်ပြိုင်နိုင်သော အကြောင်းအရာ (Suggested Themes)

၅။ ပြိုင်ပွဲဝင်တစ်ဦးသည် ခေါင်းစဉ်တစ်ခုသာ ယှဉ်ပြိုင်ခွင့်ရှိပြီး အောက်ပါအကြံပြုထားသော အကြောင်းအရာ ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည် -

(က) Social Engineering - တိုက်ခိုက်သူများက ပုဂ္ဂိုလ်ရေးအချက်အလက်များကို ခိုးယူရန် လူ၏စိတ်ခံစားချက်ကို မည်သို့လှည့်စားတတ်ကြောင်း ကို အဓိကထားခြင်း၊

(ခ) Artificial Intelligence - Deepfake AI နည်းပညာဖြင့် ရုပ်/သံ အတုပြုလုပ်၍ လိမ်လည်မှုများနှင့် AI ဖြင့် ဖန်တီးထားသော Phishing များ စသည်တို့အပေါ် အသိပညာပေးခြင်း၊

(ဂ) QR Code Phishing (Quishing) - အန္တရာယ်ရှိသော QR code များက အသုံးပြုသူများကို အတုအယောင်ဝက်ဘ်ဆိုက်များ၊ ငွေပေးချေမှု Page အတုများ သို့မဟုတ် Malware များ Download ပြုလုပ်စေရန် မည်သို့လမ်းလွှဲပို့ဆောင်နိုင်သည်ကို ရှင်းလင်းဖော်ပြခြင်း၊

(ဃ) Money Mule - ရာဇဝတ်မှုပြုလုပ်ရန်အတွက် ခိုးယူထားသောငွေများကို လွှဲပြောင်းပေးရန် လူများကို လှည့်စားအသုံးချခံ

နေရသည့်အကြောင်း အသိပညာမြှင့်တင်ခြင်း။

(င) Cyberbully - အွန်လိုင်းအနှောင့်အယှက်ပေးခြင်း၊ ကိုယ်ရေးအချက်အလက်များကို ဖော်ထုတ်ဖြန့်ချိခြင်း (doxxing)၊ အယောင်ဆောင်ခြင်းနှင့် လူမှုကွန်ရက် သို့မဟုတ် မက်ဆေ့ချ်အက်ပ်များမှတစ်ဆင့် ကောလာဟလများ ဖြန့်ချိခြင်းတို့ကို အလေးပေးဖော်ပြခြင်း၊

(စ) Cybersecurity for Seniors - ဘဏ်အတုဖုန်းခေါ်ဆိုမှုများ၊ ဆုလက်ဆောင်ရရှိကြောင်း လိမ်လည်မှုများ၊ အချစ်ရေးလိမ်လည်မှုများနှင့် နည်းပညာပံ့ပိုးသူ အယောင်ဆောင်လိမ်လည်မှုများစသည့် သက်ကြီးရွယ်အိုများကို ဦးတည်သောလိမ်လည်မှုများအပေါ် အဓိကထားခြင်း၊

(ဆ) Data Security - ကိုယ်ရေးကိုယ်တာအချက်အလက်များသည် ဟက်ကာများအတွက် မည်မျှတန်ဖိုးရှိကြောင်း အသိပညာပေးခြင်း။

(ဇ) Smart Devices - ဖုန်းများ၊ Tablet များ၊ ဝတ်ဆင်နိုင်သည့် စက်ပစ္စည်းများနှင့် Laptop များကို အဓိကပစ်မှတ်များအဖြစ် တိုက်ခိုက်တတ်ကြောင်းကို အဓိကထားခြင်း။

မှတ်ချက်။ ဖော်ပြထားသော အကြံပြုခေါင်းစဉ်များအပြင် အခြားဆိုက်ဘာလုံခြုံရေးဆိုင်ရာခေါင်းစဉ်များကိုလည်း ရိုက်ကူးတင်ဆက်နိုင်ပါသည်။

ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအတွက် စည်းကမ်းချက်များ

၆။ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တစ်ခုအတွက် ကိုယ်တိုင်ဖန်တီးထားသူ ကျောင်းသားကျောင်းသူတစ်ဦး၏ အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်။

(ခ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်သည် စက္ကန့် (၃၀) မှ စက္ကန့် (၆၀) အတွင်း ဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်အရည်အသွေးသည် 1080P (1920 x 1080 pixel) နှင့်အထက်ရှိသော .mp4 သို့မဟုတ် .mov Format အမျိုးအစား ဖြစ်ရမည်။

(ဃ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တွင် ပြောဆိုသည့် အကြောင်းအရာများအား English ဘာသာဖြင့်

ပြောဆို၍ဖြစ်စေ၊ မြန်မာဘာသာဖြစ်ပါက English ဘာသာဖြင့် ရှင်းလင်းပြတ်သားစွာ စာတမ်းထိုး၍ဖြစ်စေ ထည့်သွင်းရပါမည်။

(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ရှုထောင့်တစ်ခုအပေါ်အခြေခံသည့် အများပြည်သူအတွက် အသိပညာပေးအကြောင်းအရာတစ်ခု ပါဝင်ရမည် ဖြစ်ပါသည်။

(စ) ပြိုင်ပွဲဝင်များသည် ဗီဒီယိုများ ပိုမိုကောင်းမွန်စေရန် Visual Effects များ၊ Subtitles များ၊ Audio cleanup ပြုလုပ်ခြင်းများ သို့မဟုတ် Storytelling ကို အထောက်အကူပြုသည့် Creative Elements များအတွက် AI tools များကို သင့်တင့်မျှတစွာ အသုံးပြုနိုင်ပါသည်။ AI ကို ဖန်တီးမှုရှိပြီး တာဝန်ယူမှုရှိစွာ အသုံးပြုနိုင်သော်လည်း AI ဖြင့် အပြည့်အဝဖန်တီးထားသော ဗီဒီယိုများကို ခွင့်မပြုပါ။ Video Creation အတွက် AI ကိုသာ အပြည့်အဝ မှီခိုအသုံးပြုထားကြောင်း တွေ့ရှိရပါက ပြိုင်ပွဲမှ ချက်ချင်းပယ်ဖျက်မည် ဖြစ်ပါသည်။

(ဆ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်အား ကြိုက်နှစ်သက်ရာ Video Editing Tool ဖြင့် တည်းဖြတ်နိုင်သော်လည်း Watermark မပါရှိစေရ။

(ဇ) ယခင်နှစ်များက ပြိုင်ပွဲဝင်ထားသော ဗီဒီယိုဖိုင်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုပါ။

(ဈ) ပြိုင်ပွဲဝင်ဗီဒီယိုအား ဖန်တီးရာတွင် အခြားသူ၏ မူပိုင်ခွင့်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အခွင့်အရေးတို့အား မချိုးဖောက်ရ။ ကိုယ်ပိုင်ဖန်တီးမှု ဖြစ်ရမည်။ (မူပိုင်ခွင့် ဟုဆိုရာတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ အခြားသူ/ အခြားသော အဖွဲ့အစည်းများ၏ ကိုယ်ရေးကိုယ်တာ အခွင့်အရေးနှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများ ပါဝင်ပါသည်။)

(ည) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်တွင် အကြမ်းဖက်မှုများ၊ ညစ်ညမ်းအသုံးအနှုန်းများ၊ မသင့်လျော်သော အပြုအမူများ၊ အရက်သေစာ သောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်း၊ ပြိုင်ပွဲရည်ရွယ်ချက်နှင့်မသက်ဆိုင်သော အကြောင်းအရာများ၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး (Racism)၊ ကျား/မ ခွဲခြားဆက်ဆံမှု (Sexism)နှင့် ပုဂ္ဂိုလ်ရေးတို့အား ထိခိုက်စေသည့် အပြုအမူ အပြောအဆိုများ၊ အခြားသူတို့၏ အခွင့်အရေးများကို ကန့်သတ်ရန် လှုံ့ဆော်အားပေးသည်ဟု ယူဆနိုင်သော အချက်အလက်များ မပါရှိစေရ။

(ဋ) ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအား ဌာနအနေဖြင့် ငွေကြေးအကျိုးအမြတ်အတွက် မဟုတ်သည့် အသိပညာပေးအစီအစဉ်များတွင် အသုံးချခွင့်ရှိပြီး လူမှုကွန်ရက်များ၊ ဌာနပိုင် Website များနှင့် အခြားမီဒီယာများတွင် လွှင့်တင်ခြင်းနှင့် တစ်ဆင့်ပြန်လည် ဖြန့်ဝေခြင်းတို့ကို သိရှိသဘောတူရပါမည်။

(၄) ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်ဗီဒီယိုဖိုင်များအား ပြိုင်ပွဲကျင်းပရေးကော်မတီထံသို့ Email မှတစ်ဆင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်ရမည်။

မှတ်ချက် ။ စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော၊ သတ်မှတ်ချိန်ထက် နောက်ကျ၍ ရောက်ရှိလာသော ဗီဒီယိုဖိုင်များအား အမှတ်ပေးရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ပြိုင်ပွဲစည်းမျဉ်းအမှတ်ပေးပုံစံ

၇။ ပြိုင်ပွဲစည်းမျဉ်းအမှတ်ပေးပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အကြောင်းအရာခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းထိရောက်စွာဖော်ပြနိုင်မှု - ၅၀%

(ခ) တီထွင်ဖန်တီးပုံဖော်နိုင်မှု - ၂၅%

(ဂ) ဗီဒီယိုဖိုင်၏ အရည်အသွေးကောင်းမွန်မှု - ၂၅%

ပေးပို့ရန်လိပ်စာ

၈။ ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ဗီဒီယိုဖိုင်ကို **၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ** နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖုန်းဖြင့် ဆက်သွယ်၍ လက်ခံရရှိမှုအခြေအနေအား အတည်ပြုချက်ရယူရပါမည် -

အီးမေးလ် - cavc@mmcert.org.mm

ဖုန်း - ၀၆၇ - ၃၄ ၂၂၂ ၇၂

လိပ်စာ - မြန်မာဆိုက်ဘာအရေးပေါ်တုံ့ပြန်ရေးဌာနခွဲ (mmCERT)၊
Information Access Center ဝန်း၊ ဇမ္ဗူကျက်သရေလမ်း၊
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

စုံစမ်းမေးမြန်းရန်

၉။ ပြိုင်ပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် - ၀၆၇-၃၄၂၂၂၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။